ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

# ဌာနနောက်ခံသမိုင်း၊ လုပ်ငန်းတာဝန်များနှင့် ဌာနခွဲအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၀၁၆ ခုနှစ် မတ်လ(     )ရက်

# မာတိကာ

- ဌာန၏ နောက်ခံသမိုင်းနှင့်လုပ်ငန်းတာဝန်များ
- စီမံရေးရာဌာနခွဲ လုပ်ငန်းတာဝန်များ
- မြေစာရင်းမြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲလုပ်ငန်းတာဝန်များ
- ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲလုပ်ငန်းတာဝန်များ
- မြေယာဌာနခွဲလုပ်ငန်းတာဝန်များ
- ငွေစာရင်းဌာနခွဲလုပ်ငန်းတာဝန်များ
- စာရင်းအင်းဌာနခွဲလုပ်ငန်းတာဝန်များ
- ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း လုပ်ငန်းတာဝန်များ
- မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်(၂၂)ချက်

# နိဒါန်း

- အစိုးရသစ်သို့ တာဝန်များ လွှဲပြောင်းပေးနိုင်ရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဌာနနောက်ခံသမိုင်း၊ လုပ်ငန်းဆောင်ရွက်ချက်များ နှင့် ဝန်ထမ်းအင်အား ဖွဲ့စည်းမှု တင်ပြချက် ဖြစ်ပါသည်။

# ဌာန၏နောက်ခံသမိုင်း

- ဗြိတိသျှနယ်ချဲ့တို့သည် ၎င်းတို့မအုပ်ချုပ်ရသေးသော ဒေသတို့ကို တည်တည်တံ့တံ့ အုပ်ချုပ်နိုင်ရန်အတွက် မြေတိုင်းတာ မြေပုံထုတ်သည့် လုပ်ငန်းကို စနစ်တကျဆောင်ရွက်ပြီး နယ်မြေဒေသကို စနစ်တကျပိုင်းခြား အုပ်ချုပ်ခြင်း၊ မြေခွန်စည်းကြပ်ခြင်း နှင့် လယ်ယာကဏ္ဍစာရင်း ဇယားများ ပြုစုခြင်း တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။
- ၁၈၈၇ ခုနှစ်တွင် မြေစာရင်းဌာနကို စိုက်ပျိုးရေးဌာနနှင့် ပူးပေါင်း၍ Department of Land Records and Agriculture အဖြစ် ဖွဲ့စည်း ဆောင်ရွက်စေခဲ့ပါသည်။ ၁၉၀၀ ပြည့်နှစ်တွင် မြေခွန်တော် နှုန်းထား သတ်မှတ်သည့် ကြေးတိုင်လုပ်ငန်းကို သီးသန့်လုပ်ကိုင်နိုင်ရန် Department of Settlement ကို ဖွဲ့စည်းခဲ့ပါသည်။
- ၁၉၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ကြေးတိုင်လုပ်ငန်း၊ မြေစာရင်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ပူးပေါင်း၍ Directorate of Settlement, Land Record and Agriculture ကို ဖွဲ့စည်းခဲ့ပါသည်။

# ဌာန၏နောက်ခံသမိုင်း

- ၁၉၀၆ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့တွင် မြေခွန်တော်စည်းကြပ်ခြင်းလုပ်ငန်း ကို ထိရောက်ကျယ်ပြန့်စွာ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် စိုက်ပျိုးရေးဌာနကို ခွဲထုတ်၍ ကြေးတိုင်ဌာန နှင့် မြေစာရင်းဌာနတို့အား ပူးပေါင်းပြီး Commissioner of Settlement and Director of Land Records Department ကိုဖွဲ့စည်းခဲ့ ပါသည်။

- ၁၉၀၈ ခုနှစ်၊ မတ် လ (၂၇)ရက် နေ့၌ "Commissioner of Settlement and Land Records" ဟု အမည်ပြောင်းလဲခဲ့ပါသည်။

- ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေမူကြမ်းကို လယ်ယာ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန လက်အောက်ရှိ မြေယာဌာနခွဲမှ (၉.၉.၁၉၄၈)ရက်နေ့ တွင် နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ခဲ့ပါသည်။

# ဌာန၏နောက်ခံသမိုင်း

- လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး လုပ်ငန်းများကို ကျယ်ပြန့်စွာနှင့် သီးသန့်ဆောင်ရွက်နိုင်ရန် ၁၉၅၂ ခုနှစ်တွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီး ဌာန ပေါ်ပေါက်လာပြီး ၎င်း၏ လက်အောက်တွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဌာနခွဲ၊ လျှော်ကြေးဌာနခွဲ၊ ကြေးတိုင်နှင့်မြေစာရင်းဌာနခွဲ နှင့် မြေတိုင်းဌာနခွဲတို့ ပါဝင်ဖွဲ့စည်းခဲ့ပါသည်။

- ၁၉၆၇ ခုနှစ် တွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဌာနခွဲ နှင့် လျှော်ကြေးဌာနခွဲကို ကြေးတိုင်နှင့် မြေစာရင်းဌာန လက်အောက်သို့ သွတ်သွင်းခဲ့ပါသည်။

- ၁၉၇၂ ခုနှစ်၊ မတ်လ (၁၅)ရက်နေ့ တွင် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီး ဌာနကို ဖျက်သိမ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာနအောက်သို့ ပြောင်းလဲဖွဲ့ စည်းခဲ့ပြီး၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနအောက်တွင် ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်နေ့မှစ၍ ဖွဲ့စည်းပုံ အသစ်ဖြင့် ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။

# ဌာန၏နောက်ခံသမိုင်း

- ယင်းနောက်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်၊ သစ်တောရေးရာဝန်ကြီးဌာနအဖြစ် ဝန်ကြီးဌာန(၂)ခု သီးခြားရပ်တည်ခဲ့ရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနအောက်တွင် ဦးစီးဌာန တစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။

- ၂၀၁၅ ခုနှစ်၊ဇွန်လ၊ (၁)ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး ရုံး၏(၂၈- ၄ -၂၀၁၅)ရက်စွဲပါအမိန့်ကြေငြာစာအမှတ်၊ ၁၃/၂၀၁၅ ဖြင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အား လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဟုအမည် ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။

# ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ မျှော်မှန်းချက် (Vision)**

- ❑ လယ်ယာကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်း၊ သတင်းအချက်အလက်များ ထောက်ပံ့ပေးရေး။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ရည်မှန်းချက် (Mission)**

- ❑ ဌာန၏ ရည်မှန်းချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

  - ✓ မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များအား အခြေခံ၍ ခိုင်မာသော သတင်းအချက်အလက်စနစ် ထူထောင်ရေး။
  - ✓ ခိုင်မာမှန်ကန်သည့် လယ်ယာကဏ္ဍဆိုင်ရာစာရင်းအင်းသတင်းအချက်အလက်စနစ် ထူထောင်ရေး။

# ဌာန၏ မူဝါဒလုပ်ငန်းတာဝန်များ

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ မူဝါဒ (Strategy)**

- ဌာန၏ မူဝါဒမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
  - ✓ မြေတိုင်းတာ၍ မြေပုံများ ပြည့်စုံစွာထားရှိရေးနှင့် မြေကြီး၊ မြေပုံ၊ မြေစာရင်း မှန်ကန်အောင် ဆောင်ရွက်ရေး။
  - ✓ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ မှန်ကန်စွာ ကောက်ယူ၊ ပြုစု၊ ထုတ်ပြန်ရေး။
  - ✓ မြေယာအသုံးချမှုစာရင်းများ မှန်ကန်စွာ ကောက်ယူ၊ ပြုစု၊ ထုတ်ပြန်ရေး။
  - ✓ လယ်ယာကဏ္ဍ နှင့် မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်စနစ် ထူထောင်ရေး။
  - ✓ လယ်ယာမြေဥပဒေ၊ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများနှင့် အညီ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး။
  - ✓ ကြေးတိုင်လုပ်ငန်းများဆောင်ရွက်ရေး။
  - ✓ လယ်ယာစီးပွားစစ်တမ်းများ ကောက်ယူ၊ ပြုစု၊ ထုတ်ပြန်ရေး။
  - ✓ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရေး။
  - ✓ ဌာနလုပ်ငန်းများအတွက် ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်၊ ပြုစု၊ ပျိုးထောင်ရေး။

# ဌာန၏လုပ်ငန်းတာဝန်များ

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များ (Main Function)**


- ဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -
  - ✓ ဌာနတွင် အသုံးပြုလျက်ရှိသည့် ကွင်းမြေပုံများအား ဒီဂျစ်တယ်မြေပုံများအဖြစ် ပြောင်းလဲနိုင်ရေးအတွက် မြေတိုင်းတာခြင်း၊ မြေပုံထုတ်လုပ်ခြင်းလုပ်ငန်းများကို နှစ်အလိုက် စီမံချက်များ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
  - ✓ လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းအချက်အလက်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ကောက်ယူ၊ ပြုစု၊ ထုတ်ပြန်ခြင်း။
  - ✓ မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ကောက်ယူ၊ ပြုစု၊ ထုတ်ပြန်ခြင်း။
  - ✓ ဌာနမှ တိုင်းတာထားသည့် မြေပုံများ၊ လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များ အသုံးပြု၍ သတင်းအချက်အလက်စနစ် ထူထောင်ခြင်း။

# ဌာန၏လုပ်ငန်းတာဝန်များ

- ✓ လယ်ယာမြေနှင့်၊ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသည့် ကော်မတီ သို့မဟုတ် အဖွဲ့အစည်း အသီးသီးတွင် မိမိဌာနဝန်ထမ်းများ ဥပဒေသတ်မှတ်ချက်နှင့်အညီ ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်း။
- ✓ ကြေးတိုင်လုပ်ငန်းများအား ကြေးတိုင်လက်စွဲပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း။
- ✓ လယ်ယာကဏ္ဍနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေး အတွက် လိုအပ်သော လူမှုစီးပွားရေးစစ်တမ်းများနှင့် လယ်ယာသန်းခေါင် စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ကောက်ယူပြုစုခြင်း။
- ✓ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးသည့်လုပ်ငန်း ဆောင်ရွက်ခြင်း။
- ✓ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လိုအပ်သည့် အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း။

# ဌာနဖွဲ့စည်းပုံ

## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန



# ဌာနခွဲများ

- လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသည် နိုင်ငံတော်၏မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သွက်လက်မြန်ဆန်စွာဆောင်ရွက်နိုင်ရန်အတွက် အောက်ပါဌာနခွဲ(၇) ခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-
  - စီမံရေးရာဌာနခွဲ
  - မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ
  - ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ
  - မြေယာစီမံခန့်ခွဲရေးဌာနခွဲ
  - ငွေစာရင်းဌာနခွဲ
  - စာရင်းအင်းဌာနခွဲ
  - ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း

## ❑ စီမံရေးရာဌာနခွဲ

- ✓ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီး၏ လမ်းညွှန် မိန့်ကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ✓ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၏ လုံခြုံရေးလုပ်ငန်း စီစဉ်ဆောင်ရွက်ခြင်း၊
- ✓ စည်းကမ်းဖောက်ဖျက်သူများအား အရေးယူခြင်း၊
- ✓ ဝန်ထမ်းများအား ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ နှုတ်ထွက်ခွင့် ပြုခြင်း၊
- ✓ ဝန်ထမ်းများအားရာထူးတိုးမြှင့်ခန့်ထားခြင်း၊
- ✓ ဝန်ထမ်းများ၏နှစ်ပြည့်/သက်ပြည့် အငြိမ်းစားပေးခြင်း၊ နာမကျန်း ပင်စင်ခွင့်ပြုခြင်း၊
- ✓ ဌာနပိုင်အဆောက်အဦများနှင့်မော်တော်ယာဉ်များပြင်ဆင်ထိန်းသိမ်းခြင်း၊
- ✓ ရုံးချုပ်(စတို)မှ ပုံနှိပ်ပုံစံများနှင့် စာရေးကိရိယာများထုတ်ပေးခြင်း
- ✓ အခါအားလျော်စွာပေါ်ပေါက်လာသည့်စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း မျက်ခြေမပြတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

- ➢ ဝန်ကြီးဌာနမှ ချမှတ်ထားသော လုပ်ငန်းလမ်းညွှန်ချက်(၆)ရပ်အနက် မြေကြီး၊ မြေပုံ မှန်ကန်ရေး နှင့် မြေတိုင်းတာ၍ မြေပုံများပြည့်စုံစွာ ထားရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။
- ➢ မြန်မာနိုင်ငံတစ်ခုလုံးတွင် ကွင်းပေါင်း(၈၂၅၉၃)ကျော်၊ အကွက်ပေါင်း(၉၄၂၉)၊ ဧရိယာ (၄၈,၆၇၄,၈၈၁) ဧက၊ ကွင်းဖွဲ့ တိုင်းတာထားရှိပါသည်။
  - ✓ မြေပြန့်ဒေသ ၁၆လက်မ = ၁မိုင် စကေး ( ၁ : ၃၉၆၀ ) ကွင်း မြေပုံများ၊
  - ✓ တောင်ပေါ်ဒေသများ၊ လျှော်ခါးထစ်လယ်ယာ၊ သေးနုတ်သည့် လယ်ကွက်များ၊ ၃၂လက်မ = ၁မိုင် စကေး ( ၁ : ၁၉၈၀ ) ကွင်းမြေပုံများ၊
  - ✓ မြို့မြေများ ၆၄လက်မ = ၁ မိုင်၊ ( ၁ : ၉၉၀ ) စကေး မြေပုံများ၊
- ➢ မြေကြီးမြေပုံမှန်ကန်ရေးအတွက် ကွင်းမြေပုံများ တိုင်းတာခြင်းကို အောက်ပါ နည်းလမ်း (၃)ခု ဖြင့် တိုင်းတာ၍ မြေပုံများ ရေးဆွဲ ပုံထုတ်လျက်ရှိပါသည်။

(၁)သာမန်မြေတိုင်းတာခြင်းနည်းလမ်း( Conventional Surveying )၊

(၂)ခေတ်မီမြေတိုင်းကိရိယာများဖြင့် မြေတိုင်းတာခြင်း နည်းလမ်း ( Advenced Survey )၊

(၃)ဂြိုလ်တုဓါတ်ပုံများ အသုံးပြု၍ မြေပုံရေးဆွဲခြင်း( Satellite Survey)

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

❖ **Digital မြေပုံစနစ်သို့ ပြောင်းလဲရေးဆောင်ရွက်ချက်**

✓ သာမန်မြေတိုင်းတာခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ပါက လူအင်အား မြောက်များစွာ အသုံးပြုရခြင်း၊ အချိန်ကာလများစွာကြာမြင့်ခြင်း၊ ပြင်ဆင်ရန်ခက်ခဲခြင်း၊ ကျစ်လစ်စွာ သိမ်းဆည်းနိုင်မှု မရှိခြင်း၊

✓ ခေတ်မီမြေတိုင်းတာခြင်း နည်းပညာများသည် သာမန်မြေ တိုင်းတာခြင်းထက် အချိန်တို အတွင်း ဆောင်ရွက်နိုင်ခြင်း၊ ပြင်ဆင်ရန်လွယ်ကူခြင်း၊ ကျစ်လစ်စွာ သိမ်းဆည်းနိုင်ခြင်း၊ Digital Map များ ဖြစ်သည့်အတွက် G I S နည်းပညာ များဖြင့် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် လျင်မြန်စွာ အသုံးပြုနိုင်၊

✓ သာမန် နည်းစနစ်ဖြင့် ကေ(၅၀၀)ရှိ ကွင်း(၁)ကွင်းအားတိုင်းတာရန် (၁)လမှ (၁)လခွဲ ခန့်အထိ မြေပြင်အခြေအနေကိုလိုက်၍ တိုင်းတာရန် အချိန်ကြာမြင့်ပြီး၊ တိကျမှုနှင့် မှန်ကန်မှုအားနည်း ကြောင်းတွေ့ရှိရ၊

✓ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော် / တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ခရိုင်ပေါင်း(၆၇)ခရိုင်၊ မြို့နယ်ပေါင်း(၂၇၆)မြို့နယ်တွင် GCP မြေပြင်ထိန်းမှတ်တိုင် (၁၁၉၇) ခု ချထားဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

➢ **Digital မြေပုံစနစ်သို့ ပြောင်းလဲရေးဆောင်ရွက်ချက်**

- ✓ ခေတ်မီမြေတိုင်းကိရိယာများဖြစ်သည့် Total Station, RTK GPS ဖြင့် တိုင်းတာပါက ကွင်း(၁)ကွင်းအတွက် အချိန်ကာလ(၁၅)ရက်ခန့် ကြာမြင့်ကြောင်း တွေ့ရှိရပြီး၊ ပိုမို၍ တိကျ မှန်ကန်သည့် မြေပုံများ ရရှိနိုင်။
- ✓ Digital မြေပုံရေးဆွဲထုတ်လုပ်ရေးအတွက် စီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ကွင်းပေါင်း(၅၁၃)ကွင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ် တွင် ကွင်းပေါင်း(၃၂၀)ကွင်း၊ ၂၀၁၂-၂၀၁၃ခုနှစ်တွင် ကွင်းပေါင်း (၄၁၁)ကွင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကွင်းပေါင်း (၁၅၁၁)ကွင်း၊ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ကွင်းပေါင်း (၄၀၂၇)ကွင်း တိုင်းတာရေးဆွဲပုံထုတ်ခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ခုနှစ်တွင် ကွင်းပေါင်း (၇၆၀၀)ကွင်း တိုင်းတာဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ခုနှစ် (ဖေဖော်ဝါရီ ၂၉) ရက်နေ့ထိ ကွင်းပေါင်း(၆၆၂၃)ကွင်း တိုင်းတာဆောင်ရွက်ပြီးဖြစ်ပါသည်။
- ✓ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်များ၌ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်(ဖေဖော်ဝါရီလ ၂၉ရက်နေ့ထိ) စုစုပေါင်း မြေတိုင်းတာပြီးစီးမှုမှာ ကွင်းပေါင်း (၁၂၈၉၂)ကွင်း၊ ကွင်းရှိဧရိယာ (၅၅၀၄၂၄၉)ဧက ဖြစ်သဖြင့် (၅)နှစ်တာကာလ အတွင်း တစ်နှစ်ပျမ်းမျှ (၂၅၁၄)ကွင်း၊ ကွင်းရှိ ဧရိယာ (၁၀၆၂၂၆၈)ဧက တိုင်းတာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

❖ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ထိ နောင်လာမည့် (၅) နှစ်တာကာလအတွင်း မြေတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်မည့် အစီအမံအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

| စဉ် | တိုင်းတာမည့် ခုနှစ် | တိုင်းတာမည့် ကွင်းပေါင်း | ကွင်းရှိ ဧရိယာ (ဧက) | လက်ရှိ ဧရိယာ (ဧက) |
|---|---|---|---|---|
| ၁ | ၂၀၁၆-၂၀၁၇ | ၈၆၇၅ | ၄၅၃၃၆၂၁ | ၂၇၈၈၈၀၅ |
| ၂ | ၂၀၁၇-၂၀၁၈ | ၈၁၇၈ | ၃၉၄၁၆၀၇ | ၂၆၅၀၈၅၉ |
| ၃ | ၂၀၁၈-၂၀၁၉ | ၈၅၂၁ | ၄၅၈၂၀၀၈ | ၂၇၀၈၄၇၁ |
| ၄ | ၂၀၁၉-၂၀၂၀ | ၇၈၅၃ | ၅၀၉၆၉၁၂ | ၂၇၅၄၂၃၇ |
| ၅ | ၂၀၂၀-၂၀၂၁ | ၉၁၁၆ | ၅၆၇၃၂၉၂ | ၃၁၄၈၅၅၆ |
| စုစုပေါင်း | | ၄၂၃၄၃ | ၂၃၈၂၇၄၄၀ | ၁၄၀၅၀၉၂၈ |

## ❑ မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲ

❖ Digital မြေပုံစနစ် ပြောင်းလဲရေးအတွက် လုပ်ငန်းသုံးပစ္စည်းများဖြန့်ဝေထားရှိမှု

- ✓ မြေပုံရေးဆွဲခြင်းနှင့် ပုံနှိပ်ခြင်းလုပ်ငန်းများတွင် ပိုမိုမြန်ဆန်စွာ ဖြင့် အလွယ်တကူ အသုံးပြု နိုင်ရန် RTK GPS (၇၀၀) စုံနှင့် Total Station (၃၄၅)စုံ၊GPS External Radio (၃၀၀) စုံ၊ ခေတ်မီမြေပုံထုတ်ပစ္စည်းများဖြစ်သည့် A0 Color Plotter (၂၅) စုံ နှင့် A0 MonoChrome Copier (၃၆) စုံ၊A3 Copier(၁၉၉)စုံ၊ A4 Printer (၆၁)စုံ၊i7 Computer (၇၉၄)စုံ၊ ပုံရိပ်အရည်အသွေး (၀.၅) မီတာရှိ World View2 ဂြိုဟ်တုပုံရိပ် (၂၂၂၉)စတုရန်းကီလိုမီတာတို့အား နေပြည်တော်/ တိုင်းဒေသကြီး / ပြည်နယ်/ ခရိုင်/ မြို့နယ် အသီးသီး သို့ ဖြန့်ဝေပေးထားပြီးဖြစ်၊



RTK GPS (Base)



RTK GPS (Rover)



Total Station



Ao Color Plotter



A0 Monochrome Copier



i7 Desktop Computer

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

❖ ကျေးရွာမြေတိုင်းတာခြင်းလုပ်ငန်း

- ✓ ကျေးရွာမြေအတွင်း ပိုင်ဆိုင်မှု အထောက်အထား ကင်းမဲ့စွာ နေထိုင်ရခြင်းအစား၊ ခိုင်မာသည့် တရားဝင် အထောက်အထား (Legal Document)၊ မြေငှားဂရန် (Lease) ရရှိခြင်းအားဖြင့် ကျေးရွာနေ ပြည်သူလူထုများ၏ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ပိုမိုရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။
- ✓ ဌာနအနေဖြင့် ကျေးရွာမြေငှားဂရန် ရရှိရေးအတွက် ကျေးရွာမြေတိုင်းတာခြင်း၊ စာရင်းမြေပုံ ထူထောင်ခြင်းနှင့် မြေစာရင်းမြေပုံ(၁၀၅/၁၀၆) ရေးကူးပေးခြင်း လုပ်ငန်းတာဝန်များကိုဆောင် ရွက်လျှက်ရှိပါသည်။
- ✓ ကျေးရွာမြေတိုင်းတာခြင်း၊ စာရင်းမြေပုံထူထောင်ခြင်း နှင့် မြေစာရင်းပုံစံ(၁၀၅/ ၁၀၆) တို့နှင့် ပတ်သက်သည့် ညွှန်ကြားချက်များ ဌာနအနေဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်။

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

❖ ကျေးရွာမြေများမြေငှားဂရန်ချထားရန်အတွက် အဓိကကျသည့် အခြေခံလိုအပ်ချက်ဖြစ်သော မြေတိုင်းတာခြင်း၊ မြေပုံရေးဆွဲထုတ်လုပ်ခြင်းနှင့် မြေယာပိုင်ဆိုင်မှု မှတ်ပုံတင်စာရင်း ထူထောင်ခြင်း လုပ်ငန်းစဉ်များမှာ-

- ✓ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိခန့်အပ်ခြင်း
- ✓ နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်း
- ✓ ကျေးရွာနယ်နိမိတ်တိုင်းတာခြင်း
- ✓ ကျေးရွာအတွင်းရှိ မြေကွက်များ၏ နယ်နိမိတ်များတိုင်းတာခြင်း
- ✓ ကွန်ပျူတာဖြင့်မြေပုံရေးဆွဲခြင်း၊ မြေကွက်နံပါတ်ရေးထိုးခြင်း၊ဧရိယာတွက်ချက်ခြင်း
- ✓ မြေပုံအချောရေးဆွဲခြင်း၊ ပုံထုတ်ခြင်း
- ✓ မြေကွက်တစ်ခုချင်းအလိုက် မြေပိုင်ဆိုင်မှုများ ကွင်းဆင်းစိစစ်ခြင်း
- ✓ ဦးပိုင်မှတ်ပုံစာရင်း(၁က)နှင့်ပိုင်ဆိုင်မှုမှတ်ပုံစာရင်း(၁-ခ)ထူထောင်ခြင်း
- ✓ မြေငှားဂရန်လျှောက်ထားသည့် အမှုတွဲများအတွက် သက်သေခံမြေပုံနှင့်မြေရာဇဝင်များ (မြေစာရင်းပုံစံ-၁၀၅/၁၀၆)ရေးကူးပေးခြင်း

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

❖မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရေးကူးထုတ်ပေးခြင်းကိစ္စ

✓မြေစာရင်းပုံစံ(၁၀၅) ဆိုသည်မှာ မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံသည့် စာရင်းမြေပုံ ကောက်နုတ်ချက် ဖော်ပြသည့် ပုံစံဖြစ်ပြီး၊ တည်ဆဲနှစ်တွင်း အသုံးပြုလျက်ရှိသည့် ကွင်းအကွက် မြေပုံမှ ရေးကူးပေးရပါသည်။ မြေစာရင်းပုံစံ(၁၀၅)သည် မြေယာပိုင်ဆိုင်မှုဆိုင်ရာ အထောက်အထားတစ်ခုမဟုတ်ဘဲ၊ ဦးပိုင်တစ်ခု မြေကွက်တစ်ကွက်နှင့် ပတ်သက်သည့် စာရင်းကောက်နုတ်ချက် မိတ္တူတစ်ခုသာ ဖြစ်ပါသည်။ မြေစာရင်းပုံစံ-၁၀၆ ဆိုသည်မှာ ဦးပိုင်တစ်ခု၏ ရာဇဝင်ဖြစ်ပြီး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ အသုံးပြုသည့် မှတ်ပုံစာရင်းများမှ ရေးကူးပေးသည့် ပုံစံဖြစ်ပါသည်။

✓မြေစာရင်းပုံစံ (၁၀၅) ရေးကူးထုတ်ပေးခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အချက်များကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ (၃.၃.၁၉၉၄)ရက်စွဲပါ စာအမှတ် - ၆၈၄၅ / ၂ ဖ ၁ / ၉၄ ဖြင့် အမြဲအမိန့်အမှတ် (၁/၉၄) ကို ထုတ်ပြန်၍ ညွှန်ကြားထား ရှိပြီးဖြစ်ပါသည်-

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

❖ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် မြေစာရင်းပုံစံ(၁၀၅) နှင့် (၁၀၆) တို့ကို လျှောက်ထားသူတို့အား မိတ္တူရေးကူးထုတ်ပေး လျက်ရှိပါသည်-

- ✓ မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားရန်ကိစ္စရပ်များ
- ✓ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က) / ၃၀(ခ)တို့အရ အခြားနည်း အသုံးပြုခွင့် လျှောက်ထားရန် ကိစ္စရပ်များ၊
- ✓ ခွတ်သတ္တု / ကျောက်မျက်တူးဖော်ခွင့်လျှောက်ထားရန်ကိစ္စရပ်များ၊
- ✓ မြေဂရန်သစ် / ဂရန်သစ်တိုးရန် / အမည်ပြောင်းလျှောက်ထားရန်ကိစ္စရပ်များ၊ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းတွင် အသုံးပြုရန်ကိစ္စရပ်များ၊ လက်ဝယ်ကိုင် ဆောင်ရန်ကိစ္စ၊ စည်ပင်တင်ရန်၊ ဘဏ်တင်ရန် ၊ဌာနတင်ရန်၊ လိုင်စင် သက်တမ်းတိုးရန်၊ တရားရုံးတင်ပြရန်၊ သာသနာမြေလျှောက်ထားရန်၊ ပုဂ္ဂလိက မြေတိုင်းတာခွင့် လျှောက်ထားရန်စသည့်ကိစ္စရပ်များ။

## ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

❖ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ရေးကူးဆောင်ရွက်ပေးလျက်ရှိ သော မြေစာရင်း ပုံစံ-၁၀၅ နှင့်မြေရာဇဝင် ပုံစံ- ၁၀၆ များရေးကူးဆောင်ရွက်ပေးရာတွင် ဌာန၏ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အငြင်းပွားမှု မရှိသော သာမန်ကိစ္စရပ်များကို လျှောက်လွှာလက်ခံရရှိသည့်မှစ၍ မြေပုံရာဇဝင်များ ပြန်လည်ထုတ် ပေးသည့်နေ့အထိ အချိန်ကာလအား အနည်းဆုံး (၁၅)ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး / ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများထံ ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနှင့် မြေစာရင်းမြေပုံ ရေးကူးခြင်းနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

# ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

❖ မြေစာရင်းပုံစံ(၁၀၅)၊(၁၀၆)ရေးကူးခြင်းလုပ်ငန်းအဆင့်ဆင့်အားအောက်ပါအတိုင်း တင်ပြအပ်ပါသည်-

**မြေစာရင်းပုံစံ(၁၀၅)(၁၀၆) ရေးကူးခြင်းလုပ်ငန်းအဆင့်ဆင့်**

ကာယကံရှင်မှ မြေစာရင်းပုံစံ(၁၀၃)ဖြင့်လျှောက်ထားခြင်း

⇩

မိတ္တူရေးကူးခြင်းမှတ်တမ်းစာအုပ်တွင်ရေးသွင်း၍ လျှောက်လွှာအမှတ်စဉ်ရေးထိုးခြင်း

⇩

မြေတိုင်းစာရေးနှင့် လက်ထောက်ဦးစီးမှူးမှ မြေပြင်ကွင်းဆင်းစီစစ်ခြင်း

⇩

မြို့နယ်မြေစာရင်းဦးစီးဌာနမှူးမှ ကွင်းဆင်းစီစစ်ချက်အပေါ် စီစစ်ရေးကူးခွင့်ပြုခြင်း

⇩

မြေတိုင်းစာရေးမှ မြေစာရင်းပုံစံ(၁၀၅)၊(၁၀၆) တို့ဖြင့် ရေးကူးခြင်း၊ လက်မှတ်ရေးထိုးခြင်း

⇩

လက်ထောက်ဦးစီးမှူးကမြေတိုင်းစာရေး၏ ရေးကူးချက်များကိုစာရင်းမြေပုံများဖြင့် တိုက်ဆိုင်စစ်ဆေးပြီးမှန်ကန်ကြောင်းလက်မှတ်ရေးထိုးခြင်း

⇩

မြို့နယ်မြေစာရင်းဦးစီးဌာနမှူးကထပ်ဆင့်စစ်ဆေးအတည်ပြုပြီးရုံးတံဆိပ်ရိုက်နှိပ်ခြင်း


⇩

ရေးကူးခနှင့်တံဆိပ်ခေါင်းတန်ဖိုးပေးဆောင်ခြင်းနှင့် မိတ္တူရေးကူးထုတ် ပေးရန် ချိန်းဆိုခြင်းနှင့် ရေးကူးထုတ်ပေးခြင်း

**မှတ်ချက်။** လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်းများအတွက် မြေစာရင်းမြေပုံနှင့် မှတ်တမ်းများ မိတ္တူရေးကူးခွင့်တင်ပြလျှောက်ထားမှုများ နှင့်ပတ်သက်၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ စီစစ်ကြီးကြပ် ခွင့်ပြုချက် ရရှိပြီးမှသာလျှင် ရေးကူး ဆောင်ရွက်ပေးလျက်ရှိပြီး၊ အငြင်းပွားမှုမရှိသည့် သာမန်မြေပုံရေးကူးခြင်းကိစ္စများနှင့် ပတ်သက်၍ ခွင့်ပြုချက်နှင့်အတူ လာရောက်လျှောက်ထားသည့်နေ့မှ (၁၅)ရက်အတွင်း အပြီးရေးဆွဲ ဆောင်ရွက်ပေးရန် ညွှန်ကြားထားရှိပါသည်။

# ❑ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်ဌာနခွဲ

- ❖ လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားခြင်းကိစ္စရပ်များအတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခြင်းလုပ်ငန်း အဆင့်ဆင့်အား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-



# ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

❖ **လုပ်ငန်းတာဝန်များ-**

- ✓ ကြေးတိုင်လုပ်ငန်း၊
- ✓ မြေခွန်၊ရေခွန်နှင့်တာတမံခွန်စည်းကြပ်ခြင်းလုပ်ငန်း၊
- ✓ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစီမံကိန်း၊
- ✓ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်း၊
- ✓ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်း၊

❖ **ကြေးတိုင်လုပ်ငန်း**

(၁)အောက်မြန်မာပြည်မြေခွန်တော် ဥပဒေပုဒ်မ - ၂၃၊ ၂၄ နှင့် အထက်မြန်မာပြည် မြေခွန်တော်ရက်ဂူလေးရှင်း ၂၂ အရ မြေခွန်တော် သတ်မှတ်ရန်၊

(၂) အောက်မြန်မာပြည် မြေခွန်တော်ဥပဒေပုဒ်မ-၃၃အရ တောင်ယာခွန်နှုန်းထား များ သတ်မှတ်ရန်၊။

## ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

(၃) မြေနှင့်ပတ်သက်၍ မြေပိုင်ဆိုင်သော အခွင့်အရေးနှင့် ပိုင်ဆိုင်သူ အခြေအနေကို ခွဲခြား စုံစမ်းမှတ်သားရန်၊ မြေမျိုးကြီးနှင့် မြေမျိုးအတန်းအစား ခွဲခြားခြင်း၊ မြေကွက်တခုစီနှင့်ပတ်သက်၍ တည်ရှိသော အခွင့်အရေးပိုင်ဆိုင်မှုအခြေအနေ၊ ဦးပိုင်ခြားနှင့် ပိုင်ဆိုင်သူများကို ရေးမှတ်ထားသော မြေကွက်စာရင်းနှင့် ဦးပိုင်စာရင်းများပြုလုပ်ဆောင်ရွက်ရန်၊

(၄) အစိုးရဆည်ရေသောက်နှင့် တာတမံကာကွယ်ထားသည့် ဒေသများတွင်လည်းကောင်း၊ အစိုးရဆည်များကြောင့် အကျိုးခံစားရသော ဒေသအပိုင်းအခြားနှင့် ၎င်းဒေသများတွင် ရေခွန်အပါအဝင် လုံးပေါင်း မြေခွန်တော်နှုန်းထား သတ်မှတ်ရန်နှင့် ငွေစာရင်းကိစ္စရပ်များတွင် အစိုးရနှင့်တာတမံလုပ်ငန်းကြောင့် တိုးတက်ရရှိသည့် အသားတင် အခွန်တော်ငွေများအဖြစ် ဖော်ပြရန် လုံးပေါင်း မြေခွန်တော်မှ စုစုပေါင်းကောက်ခံရရှိသောငွေ၏ ရာခိုင်နှုန်း မည်မျှကို ဆည်မြောင်းဌာနဆိုင်ရာ စာရင်းသို့ ထည့်သွင်းရမည်ဟု သတ်မှတ်ရန်၊

(၅) အထက်ဖော်ပြပါ သတ်မှတ်ခဲ့သော အခွန်တော်နှုန်းထားများ အာဏာတည်သည့် အချိန် ကာလကို သတ်မှတ်ရန်။

## ❑ ကြေးတိုင်နှင့်စီမံကိန်းဧရိယာနခွဲ

❖ ကြေးတိုင်စိုက်ပြီး မြေခွန်တော်နှုန်း သတ်မှတ်ခြင်း လုပ်ငန်းကြီးတစ်ခုလုံးတွင်အဓိက ကျသော လုပ်ငန်းကြီး (၃)ရပ်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- **ကြေးတိုင်ရပ်ကွက် (Assessment Tract) ခွဲခြားခြင်း**
  - ✓ ကြေးတိုင်စိုက်သည့်လုပ်ငန်းမှာ ခရိုင်အလိုက်ဖြစ်သဖြင့် ကြေးတိုင်ရပ်ကွက် သတ်မှတ်ခြင်းမှာလည်း ခရိုင်အလိုက်သာ ဖြစ်ပါသည်။ ခရိုင်အတွင်းရှိ လယ်ယာ စိုက်ပျိုးမြေ အားလုံးတို့မှာ သီးနှံအထွက်နှင့် စိုက်ပျိုးရေး ကုန်ကျစရိတ်တို့ မတူညီကြသဖြင့် အခွန် တော်ကို တူညီစွာပေးနိုင်စွမ်းမရှိကြချေ။
  - ✓ ထို့ကြောင့် ရှေးဦးစွာ ခရိုင်အတွင်း မြေခွန်တော်နှုန်း တူညီစွာပေးနိုင်စွမ်းရှိမည့် ဒေသ ကလေးများ ခွဲခြားပေးခြင်းကို ဆောင်ရွက်ရပါသည်။
  - ✓ ယင်းသို့ ခွဲခြားခြင်းကို မြေခွန်တော်စည်းကြပ်သည့်ရပ်ကွက် (သို့) ကြေးတိုင် ရပ်ကွက်ဟုခေါ် ပါသည်။
  - ✓ ရေမြေသဘာဝအနေအထားမတူညီမှုများသော ခရိုင်များတွင် ကြေးတိုင်ရပ်ကွက် ပေါင်း (၂၀)ခန့်အထိခွဲခြားရခြင်းပင်ရှိကြောင်း သိရှိရပါသည်။

# ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

- **မြေမျိုးကြီး (Main Kind) ခွဲခြားခြင်း**
  - ✓ ကြေးတိုင်ရပ်ကွက်များ ခွဲခြားပြီးသောအခါ ထိုရပ်ကွက်များအတွင်း စိုက်ပျိုးထားသော သီးနှံများ မတူညီကြသည့်အပြင် စိုက်ပျိုးစရိတ်၊ သီးနှံအထွက်နှင့် အသားတင်အကျိုးအမြတ် ခြင်းလည်း မတူညီ သည့်အလျောက် ယင်းတို့အား တမျိုးတည်းထား၍ စည်းကြပ်လျှင် တရားမျှတမှုရှိမည် မဟုတ်ပေ။ သို့ဖြစ်ပါ၍ စိုက်ပျိုးထားသည့် သီးနှံ အမျိုးအစားအလိုက် လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ်၊ ဓနိ စသည့် မြေမျိုးကြီးများကို အောက်ပါအတိုင်း ခွဲခြားပေးထားခြင်း ဖြစ်ပါသည်-

| | မြေမျိုးကြီး | မှတ်သားသည့်လက္ခဏာ |
|---|---|---|
| ၁။ | အစိုးရဆည်ရေသောက်မြေ | RG |
| ၂။ | ပုဂ္ဂလိကဆည်ရေသောက်မြေ | RP |
| ၃။ | မိုးကောင်းလယ်မြေ | R |
| ၄။ | တန့်ဆည်ရေဝပ်လယ် | T |
| ၅။ | မုရင်းလယ်မြေ | M |
| ၆။ | ယာမြေ | Y |
| ၇။ | ဥယျာဉ်မြေ | G |
| ၈။ | ကိုင်းမြေရင့် | KY |
| ၉။ | ကိုင်းမြေနု | K |
| ၁၀။ | ဓနိမြေ | D |
| ၁၁။ | ကြက်ပေါင်စေးမြေ | RR |

## ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

- **မြေမျိုးအတန်းအစား (Soil Class)သတ်မှတ်ခြင်း**
  - ✓ လယ်၊ ယာ၊ ကိုင်း၊ ဥယျာဉ်၊ ဓနိစသည့် မြေမျိုးကြီးများတစ်ခုစီတွင် ကျေးရွာရှိ သမာဓိ လူကြီးများ၏ အကူအညီဖြင့် ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစား စသည်ဖြင့်ခွဲခြား၍ မြေခွန် အနည်းအများ စည်းကြပ်နိုင်ရန် သတ်မှတ်ခြင်းကို မြေမျိုး အတန်းအစား အလိုက်နှုန်းထား သတ်မှတ်ခြင်းကို မြေမျိုးအတန်းအစားနှုန်း (Soil Class rate) သတ်မှတ်ခြင်းဟုခေါ်ပါသည်။
  - ✓ မြေခွန်စည်းကြပ်ရာတွင် ပထမတန်းစားမှာ နှုန်းထားအမြင့်ဆုံးဖြစ်၍ ဒုတိယ၊ တတိယ စသည်တို့မှာ နှုန်းထားများအစဉ်လိုက် အသီးသီး လျော့နည်းသွားပါသည်။
  - ✓ ကြေးတိုင် ရပ်ကွက် တစ်ခုတည်းမှ မြေမျိုးကြီး နှင့်မြေမျိုးတန်းစား တူညီသော မြေများသည် သီးနှံအထွက်စိုက်ပျိုး ကုန်ကျစရိတ်နှင့် အသားတင် အမြတ်အစွန်းတို့မှာ အကြမ်းအား ဖြင့်တူညီကြသဖြင့် မြေခွန်တော် နှုန်းတူ ထမ်းဆောင်နိုင်စွမ်းရှိကြပါသည်။

## ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

### ❖ မြေခွန်နှုန်းထားသတ်မှတ်ခြင်း

- ✓ မြေခွန်နှုန်း သတ်မှတ်ရာတွင် ပျမ်းမျှခြင်း သီးနှံအထွက်ကို ပျမ်းမျှဈေးနှုန်းဖြင့် မြှောက်၍ ရရှိသော စုစုပေါင်း ဝင်ငွေမှ စိုက်ပျိုးရေး ကုန်ကျစရိတ်ကို နှုတ်ပါသည်။ ရရှိသည့် အသားတင် လက်ကျန် တန်ဘိုးမှ သင့်တော်သော အချိုးအစားယူ၍ မြေခွန်သတ်မှတ်ပါသည်။
- ✓ မြေခွန် သတ်မှတ် စည်းကြပ်သည့် နည်းလမ်းမှာ သီးနှံစုစုထုတ်လုပ်မှု တန်ဘိုး (Gross Produce Value) ပေါ်မှ သတ်မှတ်ခြင်း မဟုတ်ဘဲ အသားတင်ထုတ်လုပ်မှုတန်ဘိုး၊(Net Produce Value) တနည်းအားဖြင့် အသားတင် အမြတ်အစွန်း၏ (၁/၈) ပုံ မှ (၁/၄) ပုံထိ အချိုးအစား တွက်ချက်၍ တစ်ကေ စည်းကြပ်နှုန်း သတ်မှတ်ခြင်းဖြစ်၍ တွက်ချက်သည့် အခြေခံ အချက်နှင့် နည်းလမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

    (က) ပုံမှန်သီးနှံအထွက် ( Normal Gross Produce )၊

    (ခ ) ပုံမှန်သီးနှံလက်ကားဈေးနှုန်း ( Normal Price ) ၊

    (ဂ ) ပုံမှန်သီးနှံစိုက်ပျိုးမှုကုန်ကျစရိတ်( Normal Cost of Cultivation ) ။

အသားတင်ထုတ်လုပ်မှုတန်ဘိုး(သို့)အသားတင်အမြတ်အစွန်း= (က)×( ခ )–( ဂ )

# ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

❖ **မြေခွန်၊ ရေခွန်တာတမံခွန်စည်းကြပ်ခြင်းလုပ်ငန်း**

➢ မြေခွန်၊ ရေခွန်တာတမံခွန် စည်းကြပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ ဥပဒေ၊ နည်းဥပဒေ၊ အမြဲအမိန့်နှင့်ညွှန်ကြားချက်များကိုကျင့်သုံးလိုက်နာဆောင်ရွက်လျက်ရှိ-

- ✓ ၁၈၇၆ ခုနှစ်၊ အောက်မြန်မာပြည် မြေနှင့်အခွန်၊ အက်ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များ၊
- ✓ ၁၈၈၉ ခုနှစ်၊ အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ နှင့် အမိန့်ဆင့်ဆိုချက်များ၊
- ✓ ၁၈၉၈ခုနှစ်၊ အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများအက်ဥပဒေနှင့် အမိန့်ဆင့်ဆိုချက်များ
- ✓ ၁၉၆၇ ခုနှစ်၊ ဒီဇင်ဘာ(၁၀)ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်-၄၂၅
- ✓ မြန်မာနိုင်ငံ ကြေးတိုင်ညွှန်ကြားချက်များ
- ✓ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ
- ✓ မြန်မာနိုင်ငံကျေးရွာလက်စွဲဥပဒေ
- ✓ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၏ (၁၀.၅.၂၀၀၇)ရက်စွဲပါ အမြဲအမိန့်အမှတ်(၁၈၂)

## ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

➢မြေခွန်နှုန်းထား သတ်မှတ်ရန် စစ်တမ်းများကောက်ယူ၍ အဆိုပြုခြင်းနှင့် နှစ်စဉ်ရာသီအလိုက် မြေခွန် စည်းကြပ်ခြင်း လုပ်ငန်းတို့ကို ဌာနမှ တာဝန်ယူဆောင်ရွက်ပြီး၊ မြေခွန်ကောက်ခံခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

➢လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေဖြင့် မြေခွန် စည်းကြပ်မှုကို နှစ်စဉ်စိုက်ပျိုးရာသီအလိုက် သီးနှံများ ရိတ်သိမ်းသည့် ကာလတွင် လက်ရှိ မြေအသုံးချမှုနှင့် သီးနှံရိတ်သိမ်းဖြစ်ထွန်းမှုကို ကွင်းဆင်း တိုင်းတာ မှတ်သားပြီး၊ မြေခွန်စည်းကြပ် ဧရိယာနှင့် မြေခွန်နှုန်းထားများအရ မြေခွန်ပြေစာ စည်းကြပ်ရေးသားပြုစု၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကောက်ခံနိုင်ရေး ပေးပို့ပါသည်။

# ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

➢ကြေးတိုင်စိုက်ပြီးသည့် ဒေသများတွင် မြေခွန်နှုန်းထားများကို ခရိုင်အလိုက် ကြေးတိုင် ရပ်ကွက်များ ပိုင်းခြား၍ ကြေးတိုင်မြေမျိုးကြီးများနှင့် မြေမျိုးအတန်းအစားအလိုက် အသေးစိတ် ခွဲခြားပြဋ္ဌာန်း သတ်မှတ်သဖြင့် လုပ်ငန်းအလွန်ကျယ်ပြန့်ပါသည်။ လက်ရှိမြေခွန်နှုန်းထားများကို မြေမျိုးအလိုက် အမြင့်ဆုံးနှုန်းနှင့် အနိမ့်ဆုံးနှုန်း (Range) အတွင်း သွင်းကြည့်ပါက မြေခွန်တစ်ဧက စည်းကြပ်နှုန်း အမြင့်ဆုံး ၉ ကျပ် ၇၅ပြားမှ အနိမ့်ဆုံး ၂၅ ပြား အထိ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

| စဉ် | မြေမျိုး | အမြင့်ဆုံး တစ်ဧက နှုန်း | အနိမ့်ဆုံး တစ်ဧကနှုန်း | ပျမ်းမျှ တစ်ဧကနှုန်း |
|---|---|---|---|---|
| ၁။ | လယ်မြေ(ဆည်ရေသောက်) | ၉.၇၅ | ၁.၂၅ | ၄.၂၅ |
| ၂။ | လယ်မြေ(မိုးကောင်းသောက်) | ၇.၂၅ | ၀.၂၅ | ၂.၆၅ |
| ၃။ | ယာမြေ | ၅.၀၀ | ၀.၂၅ | ၁.၀၃ |
| ၄။ | ကိုင်း/ကျွန်း | ၅.၀၀ | ၀.၂၅ | ၂.၄၆ |
| ၅။ | ဥယျာဉ်(ဆည်ရေသောက်) | ၂၂.၀၀ | ၃.၅၀ | ၆.၁၈ |
| ၆။ | ဥယျာဉ် | ၁၂.၀၀ | ၁.၀၀ | ၂.၆၇ |
| ၇။ | ဓနိမြေ | ၆.၀၀ | ၁.၅၀ | ၄.၃၄ |

➢ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈၈ ၊ ဇယား(၂)ပါ ပြဋ္ဌာန်းချက်အရ မြေခွန်စည်းကြပ်ရာတွင် တိုင်းဒေသကြီး / ပြည်နယ် များအလိုက် သတ်မှတ်ပြဋ္ဌာန်းထားရှိသည့် မြေခွန်နှုန်းထားအတိုင်း စည်းကြပ်ကောက်ခံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

❖ မြန်မာနိုင်ငံတွင် ခေတ်ကာလအလျောက် မြေခွန်စည်းကြပ်ဧရိယာနှင့် စည်းကြပ်ငွေကို အောက်ပါ အတိုင်း တင်ပြအပ်ပါသည်-

| ခုနှစ် | စည်းကြပ်ဧရိယာ (ဧကသန်း) | စည်းကြပ်ငွေ (ကျပ်သန်း) | ပျမ်းမျှ တစ်ဧကနှုန်း(ကျပ်) |
|---|---|---|---|
| ၁၉၃၀-၁၉၃၁ | ၁၆.၄၈ | ၃၈.၂၁ | ၂.၃၂ |
| ၁၉၄၇-၁၉၄၈ | ၁၅.၄၂ | ၃၃.၆၇ | ၂.၁၈ |
| ၁၉၆၂-၁၉၆၃ | ၁၅.၉၂ | ၄၀.၃၈ | ၂.၅၄ |
| ၁၉၈၈-၁၉၈၉ | ၁၈.၁၉ | ၄၇.၀၀ | ၂.၅၈ |
| ၂၀၁၁-၂၀၁၂ | ၂၆.၉၄ | ၁၅၅.၄၃ | ၅.၇၇ |
| ၂၀၁၂-၂၀၁၃ | ၂၆.၈၆ | ၁၇၂.၄၀ | ၆.၄၂ |
| ၂၀၁၃-၂၀၁၄ | ၂၇.၂၂ | ၄၄၂.၅၄ | ၁၆.၂၆ |
| ၂၀၁၄-၂၀၁၅ | ၂၇.၉၁ | ၈၄၅.၅၃ | ၃၀.၂၉ |
| ၂၀၁၅-၂၀၁၆(မိုး) | ၂၅.၅၁ | ၁၅၂၉.၉၅ | ၅၉.၉၇ |

## ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

❖ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစီမံကိန်း

✓ မြန်မာနိုင်ငံတွင် လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၉၅၃ ခုနှစ်တွင် ပထမ အကြိမ်၊ ၁၉၉၃ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၀၃ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၁၀ ခုနှစ် တွင် စတုတ္ထအကြိမ် စာရင်းကောက်ယူ ဆောင်ရွက်ခဲ့ပါသည်။

❖ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်း

✓ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေဖြင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ အပိုင်ပေးခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် လွှဲပြောင်းခြင်းအပြင် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း အစရှိသည့် ကိစ္စရပ်များ နှင့်စပ်လျဉ်းသည့် စာချုပ်စာတမ်းများ၊ မွေးစားခြင်းစာချုပ်များ၊ သေတမ်းစာများ၊ ကုန်အမှတ်တံဆိပ်များ၊ ကိုယ်စားလှယ်လွှဲအပ်စာများနှင့် တရားရုံးမှချမှတ်သည့် အမိန့်များ အစရှိသည်တို့ကို တရားဝင် မှတ်ပုံတင်ခြင်းလုပ်ငန်းများ စိစစ်ဆောင်ရွက် ပေးလျက်ရှိပါသည်။

## ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

❖ **စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်း**

✓ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်-

(၁) ၁၈၈၂ ခုနှစ်၊ပစ္စည်းလွှဲပြောင်းမှုအက်ဥပဒေ၊

(၂) ၁၈၇၇ ခုနှစ်၊ သီးခြားသက်သာခွင့်ဥပဒေ၊

(၃) ၁၈၉၉ ခုနှစ်၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့် နည်းဥပဒေများ၊ ယင်းဥပဒေကိုပြင်ဆင် သည့် ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊

(၄) ၁၉၀၈ခုနှစ်စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ၊နည်းဥပဒေအမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များ၊

(၅) ၁၉၃၉ ခုနှစ်၊ ကိတ္တိမသားသမီးမွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေ၊

(၆) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ် သည့် ဥပဒေ

(၇)၂၀၀၂ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ၊

## ❑ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ

❖ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေမှာ ၁၉၀၈ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည့်အတွက် ထိုခေတ် ထိုကာလအခြေအနေအရ ပြဋ္ဌာန်းခဲ့သော လုပ်ထုံးလုပ်နည်းများမှာ လူလုပ်အား ဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများစွာပါဝင်ပါသည်။ (ဥပမာ-စာချုပ်တွင် ထပ်ဆင့်ရေး မှတ်ချက်များကို လူလုပ်အားဖြင့်သာ ရေးသွင်းရခြင်း၊ မှတ်ပုံတင် စာအုပ်များတွင် စာချုပ်စာတမ်းများကိုမူ လက်ရေးဖြင့်သာ ရေးကူးရခြင်း၊ စာချုပ်စာတမ်းများကို မှတ်ပုံတင်အရာရှိမှ တာဝန်ခံစစ်ဆေးရခြင်း)၊ သို့ဖြစ်ပါ၍ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ယနေ့ကာလ အခြေအနေအရ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအင်အားနှင့် ဆောင်ရွက်ရသည့် လုပ်ငန်း ပမာဏ မမျှတသည့် အခြေအနေတွင် ဥပဒေအရ ဆောင်ရွက်ရသော အဆင့်များအား အထူးဂရုပြု ဆောင်ရွက်လျက်ရှိပါသည်။

## ❑ မြေယာစီမံခန့်ခွဲရေးဌာနခွဲ

❖ **မူလတာဝန်များ-**

(၁)တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို လိုက်နာ၍ နိုင်ငံတော် အစိုးရ၏ မြေယာမူဝါဒများနှင့် အညီလိုအပ်သော အမိန့်ကြော်ငြာစာ၊ ညွှန်ကြား ချက်များထုတ်ပြန် ဆောင်ရွက်ခြင်း၊

(၂)လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေး ခြင်း လုပ်ငန်းအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၃)မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေများနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ လုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့်ပြုမိန့် ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊

(၄)လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားလာသည့် ကိစ္စများအားစိစစ် တင်ပြခြင်းနှင့် လယ်ယာမြေကို ခွင့်ပြုချက်မရှိဘဲ အခြားနည်း အသုံးပြုခြင်းများကို စိစစ် တင်ပြခြင်း။

(၅)လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု၊ အယူခံမှုများနှင့် စပ်လျဉ်းသည့် တိုင်ကြားစာများအား စိစစ်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက် တင်ပြခြင်း၊

## ❑ မြေယာစီမံခန့်ခွဲရေးဌာနခွဲ

(၆)မြေနုကျွန်းမြေစီမံခန့်ခွဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး / ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအား ကြီးကြပ်စီမံ ဆောင်ရွက်နိုင်ရန် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြခြင်း။

❖ မြေယာစီမံခန့်ခွဲမှုဌာနခွဲမှ လိုက်နာအသုံးပြုလျက်ရှိသည့် ဥပဒေများမှာ-

(က) ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်နည်းဥပဒေများ၊

(ခ) ၂၀၁၂ခုနှစ်၊မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်နည်းဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

## ❑ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဖွဲ့စည်းပုံအခြေပြဇယား

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

**ဥက္ကဋ္ဌ**

ပြည်ထောင်စုဝန်ကြီး (လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

↓

**ဒုတိယဥက္ကဋ္ဌ**

ပြည်ထောင်စုဒုတိယဝန်ကြီး(လယ်ယာ) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

↓


**အဖွဲ့ဝင်(၁၇)ဦး**

↓


**အတွင်းရေးမှူး**

ညွှန်ကြားရေးမှူးချုပ်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ဖွဲ့စည်းပုံအခြေပြဇယား



## စိုက်ပျိုးရေးလုပ်ငန်းအတွက်မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းလုပ်ငန်းစဉ်



## လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းခြင်းနှင့်အယူခံခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်

တိုင်းဒေသကြီး/ပြည်နယ်
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏
ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်

**တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** → ရက်ပေါင်း(၆၀)အတွင်း → ခရိုင် လယ်/စီ၏ အမိန့်(သို့)ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊(သို့)ပယ်ဖျက်ခြင်း၊

↑ ရက်ပေါင်း(၆၀)အတွင်း အယူခံနိုင်

**ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** → ရက်ပေါင်း(၃၀)အတွင်း → မြို့နယ် လယ်/စီ၏ အမိန့်(သို့)ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း(သို့)ပယ်ဖျက်ခြင်း၊

↑ ရက်ပေါင်း(၃၀)အတွင်း အယူခံနိုင်

**မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** → ရက်ပေါင်း(၃၀)အတွင်း → ရပ်/ကျေး လယ်/စီ၏ အမိန့်(သို့)ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း(သို့)ပယ်ဖျက်ခြင်း

↑ ရက်ပေါင်း(၃၀)အတွင်း အယူခံနိုင်


**ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** → (၁၅)ရက်အတွင်း → မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်း

-လယ်/စီ အဖွဲ့အဆင့်ဆင့်၏ ဆုံးဖြတ်ချက် ချမှတ်သည့် ရက်ပေါင်း (၁၃၅)ရက်၊

-လယ်/စီအဖွဲ့အဆင့်ဆင့်သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည့် ရက်ပေါင်း(၁၂၀)ရက်၊

-အယူခံလွှာတင်သွင်းရာတွင် လယ်ယာမြေအငြင်းပွားမှုကို ဆုံးဖြတ်သည့်မှန်ကန်ကြောင်းသက်သေခံလက်မှတ် ရေးထိုးထားသော အမိန့်(သို့) ဆုံးဖြတ်ချက် မိတ္တူနှင့် အားကိုးအားထားပြုသည့် သက်သေခံ စာရွက်စာတမ်းများနှင့် အခြားအထောက်အထားများ ပူးတွဲတင်ပြရမည်။

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) လျှောက်ထားမှု လုပ်ငန်းစဉ် အဆင့်ဆင့်



## ❑ ငွေစာရင်းဌာနခွဲ

- နိုင်ငံတော်၏ ဘဏ္ဍာအရ ၊ အသုံးဆိုင်ရာဥပဒေအရ၊ ပြည်ထောင်စုဝန်ကြီးမှ လယ်ယာမြေစီမံ ခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနသို့ လွှဲအပ်ပေးမှုအရ ဦးစီးဌာနများ၏ ရငွေကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းအား ညွှန်ကြားရေးမှူးချုပ်မှ ညွှန်ကြားရေးမှူး (ဘတ်ဂျက်နှင့်ငွေစာရင်း) ဌာနခွဲသို့ ထပ်ဆင့်အာဏာခွဲဝေအပ်နှံပါ သည်။
- ညွှန်ကြားရေးမှူးမှ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲများသို့ တာဝန်ခံအရာ ထမ်းများအား ထပ်ဆင့်လွှဲအပ်ပါသည်။
- ဘဏ္ဍာရေးလုပ်ပိုင်ခွင့် လုပ်ထုံးလုပ်နည်းများကို ရသုံးမှန်းခြေဦးစီးဌာနမှ ထုတ်ပြန်ထားသော ဦးစီးဌာနများ၏အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်း ညွှန်ကြားချက်အမိန့်ကြော်ငြာစာအမှတ် - ၄၂/၈၆၊ ဦးစီးဌာနများ၏ အခြေခံစာရင်းပြုဌာနများအတွက် ငွေစာရင်း ထိန်းသိမ်းရေး နည်းလမ်းညွှန်ကြားချက်၊ ဘဏ္ဍာရေးစည်းမျဉ်း၊ အစိုးရစာရင်းထားနည်း၊ စာရင်းစစ်ချုပ်ရုံးမှ ထုတ်ဝေသော စာရင်းစစ်ဆေးပြီးဝန်ထမ်းစည်းမျဉ်းဥပဒေနှင့် ပြည်ထောင်စုဝန်ကြီးဌာနမှ ထုတ်ဝေသော ဘဏ္ဍာရေးဆိုင်ရာအမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပါသည်။

## ❑ စာရင်းအင်းဌာနခွဲ

❖ **လုပ်ငန်းတာဝန်များ-**

(က) မြေအသုံးချမှု စာရင်းများ ကောက်ယူပြုစုခြင်းနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု စာရင်းများ ကောက်ယူ ပြုစုခြင်းလုပ်ငန်း၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှုစာရင်းများ ကောက်ယူပြုစု ခြင်းလုပ်ငန်း၊

❖ **မြေအသုံးချမှုစာရင်းကို မြေအမျိုးအစားအပေါ်မူတည်၍ (၅) မျိုး ခွဲခြား-**

(၁) လက်ရှိနေရိယာ

- (က) လယ်မြေနေရိယာ
- (ခ) ယာမြေနေရိယာ
- (ဂ) ကိုင်း/ကျွန်းမြေနေရိယာ
- (ဃ) ဓနိမြေနေရိယာ
- (င) ဥယျာဉ်မြေနေရိယာ
- (စ) တောင်ယာမြေနေရိယာ

(၂) သစ်တောမြေ

(၃) တောရိုင်းမြေ

(၄) မြေရိုင်း

(၅) အခြားမြေမျိုးကြီးများ

## ❑ စာရင်းအင်းဌာနခွဲ

❖လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်ထိ( ၅ )နှစ်တာ ကာလအတွင်း မြေအသုံးချမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ဧက)

| စဉ် | မြေအသုံးချမှု | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ (ယာယီ) |
|---|---|---|---|---|---|---|
| ၁ | လက်ရှိစိုက်ပျိုးမြေ | ၃၀,၂၄၈,၉၇၅ | ၃၀,၃၄၃,၉၇၀ | ၃၀,၄၅၆,၅၆၈ | ၃၀,၇၁၀,၈၄၇ | ၃၀,၈၀၆,၄၂၇ |
| ၂ | ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော | ၄၅,၀၅၈,၂၈၆ | ၄၅,၂၃၁,၅၀၂ | ၄၅,၉၄၉,၈၈၈ | ၄၅,၈၉၆,၄၁၁ | ၄၇,၇၇၁,၇၂၂ |
| ၃ | တောရိုင်း | ၃၇,၉၂၅,၄၈၈ | ၃၇,၅၇၇,၂၀၅ | ၃၆,၆၇၄,၆၇၉ | ၃၆,၄၀၈,၇၈၈ | ၃၅,၁၉၄,၈၀၇ |
| ၄ | မြေရိုင်း | ၁၃,၂၇၈,၉၉၃ | ၁၃,၂၄၆,၃၈၈ | ၁၃,၀၅၈,၄၂၇ | ၁၃,၀၁၃,၈၈၅ | ၁၂,၈၁၄,၇၉၀ |
| ၅ | စိုက်ပျိုးခြင်းမပြုနိုင်သောမြေ | ၄၀,၆၇၄,၀၈၂ | ၄၀,၇၈၆,၇၅၉ | ၄၁,၀၄၆,၂၆၂ | ၄၁,၁၅၅,၈၉၃ | ၄၀,၅၉၈,၀၇၈ |
| စုစုပေါင်း | | ၁၆၇,၁၈၅,၈၂၄ | ၁၆၇,၁၈၅,၈၂၄ | ၁၆၇,၁၈၅,၈၂၄ | ၁၆၇,၁၈၅,၈၂၄ | ၁၆၇,၁၈၅,၈၂၄ |

## ❑ စာရင်းအင်းဌာနခွဲ

❖ **စာရင်းကောက်ယူမှုစနစ်နှင့် စာရင်းကောက်ယူမှုနည်းလမ်း**

- ✓ သီးနှံစာရင်းအင်းများကို စိုက်ပျိုးရေးနှစ်အတွင်း စိုက်ပျိုးရာသီပေါ် မူတည်၍ တိုင်းတာပြီးဖြစ်သော ကွင်းတွင် မြေပုံများဖြင့် ကွင်းဆင်းစာရင်းကောက်ယူခြင်း၊
- ✓ ရာသီအလိုက် အပြည့်အဝစာရင်း ကောက်ယူသော စံနစ်ဖြင့် သီးနှံစာရင်းနှင့် သီးနှံဧရိယာများကို ကွင်းများသို့ အရောက်သွားလျက် ကောက်ယူခြင်း၊
- ✓ စိုက်ပျိုးသူမှ သတင်းပေးပို့သောစနစ်ကိုလည်း ကျင့်သုံးခြင်း၊
- ✓ စာရင်းကောက်ယူရာတွင် သက်ဆိုင်ရာ မှတ်ပုံစာရင်းများနှင့် ကွင်းထွက်မြေပုံများကို အခြေပြု လျက် ကောက်ယူရပါသည်။
- ✓ စာရင်းကောက်ယူရာတွင်-

  (က) စိုက်ပျိုးမှုဧရိယာစာရင်းကောက်ယူခြင်း၊

  (ခ) ထိခိုက်မှုဧရိယာစာရင်းကောက်ယူခြင်း။

# ❑ စာရင်းအင်းဌာနခွဲ

❖ **စာရင်းအင်းပြုစုခြင်းလုပ်ငန်းစဉ်များ-**

✓ စိုက်ပျိုးရေးဆိုင်ရာ စာရင်းအင်းများကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တစ်ဆင့် ပြည်ထောင်စုချုပ်စာရင်း ပြုစုဆောင်ရွက်လျက်ရှိ။

(က) မြေယာပြုပြင်မှု၊ ရာသီဥတုနှင့် သီးနှံပင်များ အခြေအနေ တိုးတက်မှုကို မှတ်တမ်းထားရှိခြင်း၊

(ခ) တောင်သူလယ်သမား အိမ်ထောင်ဦးစီး ဦးရေနှင့် ၎င်းတို့၏ လုပ်ကိုင်ခွင့်ရ ဧရိယာစာရင်းများ၊

(ဂ) နိုင်ငံအတွင်းရှိ စိုက်ပျိုးရေးဆိုင်ရာ လယ်လုပ်ကိရိယာစာရင်းများကို နှစ်စဉ်ပြုစုခြင်း၊

(ဃ) ရာသီဥတုနှင့် ကောက်ပဲသီးနှံ အစီရင်ခံစာများ ပြုစုခြင်း။ (ယင်းတွင် မိုးရေချိန်၊ မြေအသုံးချမှု၊ ရေသွင်းစိုက်ဧရိယာ၊ တာတမံကာကွယ်ထိန်းသိမ်းဧရိယာ၊ သီးနှံများ၏စိုက်၊ ရိတ် နှုန်းနှင့်အထွက်ပေါင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးမှု၊ လယ်လုပ် ကိရိယာ စာရင်းများပါဝင်)

## ❑ စာရင်းအင်းဌာနခွဲ

❖ **စာရင်းကောက်ယူပြုစုသောအချိန်များ-**

- ✓ စပါး သီးနှံ အပါအဝင် အဓိကကျသည့် ရာသီသီးနှံ၏ စိုက်ပျိုးထုတ်လုပ်မှုကို (၂)ပတ်လျှင် (၁)ကြိမ်၊
- ✓ စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ အမျှင်ထွက်သီးနှံ များနှင့် စက်မှုကုန်ကြမ်းသီးနှံများ အပါအဝင် အရေးကြီးသီးနှံ (၃၂) မျိုး၏ စိုက်/ရိတ်/နှံ့နှံ/ အထွက်ကို (၁)လလျှင် (၁)ကြိမ်
- ✓ စားဖိုချောင် သီးနှံ၊ ဟင်းခတ် အမွှေးအကြိုင်၊ ဥယျာဉ်ခြံသီးနှံများနှင့် စားသုံးခြင်း မပြုသော သီးနှံများ ပါဝင်သည့် သီးနှံ (၆၁) မျိုး၏ စိုက်/ရိတ်/နှံ့နှံ/ထွက်ကို (၃)လလျှင် (၁)ကြိမ်
- ✓ မိုးစပါးကို နှစ်စဉ်မေလ မှ အောက်တိုဘာလ အထိ
- ✓ နွေစပါးကို နိုဝင်ဘာလမှ ဧပြီလအထိ
- ✓ မိုးရာသီ စိုက်သီးနှံများကို ဧပြီလမှ စက်တင်ဘာလအထိ
- ✓ ဆောင်းရာသီစိုက်သီးနှံများကို အောက်တိုဘာလမှ မတ်လအထိ ပြုစုတင်ပြခြင်း

## ❑ စာရင်းအင်းဌာနခွဲ

❖ **စာရင်းအင်းများထုတ်ပြန်ခြင်း**

(က) မိုးရေချိန်စာရင်း

(ခ) မြေအသုံးချမှုအခြေအနေ

(ဂ) ရေသွင်းစိုက်ပျိုးမှုအခြေအနေ

(ဃ)တာတမံကာကွယ်ထားသောဧရိယာအတွင်း စိုက်ပျိုးမှုအခြေအနေ

(င)စိုက်ပျိုးသီးနှံများ စိုက်/ရိတ်/နှုန်း/ထွက် အခြေအနေ

(စ) လယ်လုပ်ကိုင်ဧရိယာများအခြေအနေ

နှစ်စဉ် ဇွန်လနှင့် ဇူလိုင်လများတွင် ထုတ်ပြန်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့သို့ ပေးပို့ တင်ပြရပါသည်။

## ❑ စာရင်းအင်းဌာနခွဲ


❖ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းကောက်ယူမှု စနစ်မှာ ကွင်းဖွဲ့တိုင်းတာပြီးဖြစ်သော ကွက်စိတ်မြေပုံများကို အသုံးပြု၍ အခြေခံစာရင်းကောက်ယူခြင်းဖြစ်ပြီး မြေပုံများ အမြဲမှန်ကန်အောင် ပြင်ဆင်ရန်အတွက် ဌာနလုပ်ထုံးလုပ်နည်း လက်စွဲ ဥပဒေများဖြင့် တိကျစွာ ပြဌာန်းထားရှိပြီး ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ခေတ်မီနည်းပညာများကို အသုံးပြု၍ ကွင်းမြေပုံများ ပြင်ဆင်နိုင်ရန် ဆောင်ရွက်ခြင်းနှင့် စာရင်းအင်းပညာ သီအိုရီများကို အသုံးပြု၍ သီးနှံစာရင်း ကောက်ယူမှုများ ခေတ်မီအောင် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

## ❑ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း

- ❖ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းအား ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့တွင် ဖွင့်လှစ်ထားရှိပါသည်။ သင်တန်းကျောင်း၏ ရည်ရွယ်ချက်များမှ အောက်ပါအတိုင်းဖြစ်ပါသည်-
  - ✓ ဝန်ထမ်းများအား စဉ်ဆက်မပြတ် လေ့ကျင့်ပေးရန်၊
  - ✓ ခေတ်မီနည်းပညာများကိုစူးစမ်းလေ့လာ၍လက်တွေ့အသုံးချနိုင်ရေးလေ့ကျင့်ပျိုးထောင်ရန်၊
  - ✓ လုပ်ငန်းခွင်သင်တန်းများ ၊ သုတေသနလုပ်ငန်းများနှင့် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ဌာနလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊
  - ✓ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုပါဝင်ဆောင်ရွက်ရန်၊
- ❖ သင်တန်းကျောင်းတွင် ခေတ်မီမြေတိုင်းကိရိယာများကို အသုံးပြု၍ မြေတိုင်းတာခြင်း နှင့် မြေပုံ ရေးဆွဲထုတ်လုပ်ခြင်းစသည့် အဆင့်မြင့်ပညာရပ်များကိုတိုးချဲ့သင်ကြားပို့ချခြင်း၊ စာရင်းအင်း ဘာသာရပ်နှင့် ပြည်သူ့ဆက်ဆံရေးဘာသာရပ်များကိုပါ တိုးချဲ့၍ ပို့ချလျက်ရှိပါသည်။

# ❑ ဖွဲ့စည်းပုံ

❖ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



## ❑ ဖွဲ့စည်းပုံ

❖ဖွဲ့စည်းပုံအရ ဝန်ထမ်းများ လစာနှုန်းအလိုက် ခွင့်ပြု၊ ခန့်ထား၊ လစ်လပ်စာရင်း

| စဉ် | ရာထူးအမည် | ခွင့်ပြု | ခန့်ထား | လစ်လပ် |
|---|---|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ် | ၁ | - | -၁ |
| ၂ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁ | ၁ | - |
| ၃ | ညွှန်ကြားရေးမှူး | ၇ | ၇ | - |
| ၄ | ဒုတိယညွှန်ကြားရေးမှူး | ၂၅ | ၂၅ | - |
| ၅ | လက်ထောက်ညွှန်ကြားရေးမှူး | ၁၀၇ | ၉၃ | -၁၄ |
| ၆ | ဦးစီးအရာရှိ | ၂၅၄ | ၂၁၆ | -၃၈ |
| | **အရာထမ်းစုစုပေါင်း** | **၃၉၅** | **၃၄၂** | **-၅၃** |
| ၇ | ရုံးအုပ် | ၂၈ | ၁၅ | -၁၃ |
| ၈ | ဒု-ဦးစီးမှူး (အဆင့်တူ) | ၆၂၂ | ၅၈၄ | -၃၈ |
| ၉ | အကြီးတန်းစာရေး (အဆင့်တူ) | ၂၇၁၃ | ၂၁၆၇ | -၅၄၆ |
| ၁၀ | အငယ်တန်းစာရေး (အဆင့်တူ) | ၈၆၉၆ | ၄၉၇၄ | -၃၇၂၂ |
| ၁၁ | ယာဉ်မောင်း(၅) (အဆင့်တူ) | ၅၇၆ | ၃၄၀၂ | ၂၈၂၆ |
| ၁၂ | (ရုံးအကူ/စာပို့) (အဆင့်တူ) | ၁၂၈၃ | ၂၈၂ | -၁၀၀၁ |
| | **အမှုထမ်းစုစုပေါင်း** | **၁၃၉၁၈** | **၁၁၄၂၄** | **-၂၄၉၄** |
| | **ဝန်ထမ်းစုစုပေါင်း** | **၁၄၃၁၃** | **၁၁၇၆၆** | **-၂၅၄၇** |

## ❑ ဖွဲ့စည်းပုံ

❖ရုံးချုပ်နှင့် နေပြည်တော် / တိုင်းဒေသကြီး / ပြည်နယ်များတွင် ခွင့်ပြု/ ခန့်ထား/ လစ်လပ် ဝန်ထမ်း အင်အားစာရင်းချုပ်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခွင့်ပြု | ခန့်ထား | လစ်လပ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ရုံးချုပ် | ၈၁၈ | ၄၃၄ | ၃၈၄ | |
| ၂ | နေပြည်တော် | ၃၁၉ | ၂၁၆ | ၁၀၃ | |
| ၃ | ကချင်ပြည်နယ် | ၅၃၆ | ၃၉၈ | ၁၃၈ | |
| ၄ | ကယားပြည်နယ် | ၁၉၂ | ၁၆၀ | ၃၂ | |
| ၅ | ကရင်ပြည်နယ် | ၃၇၇ | ၂၈၇ | ၉၀ | |
| ၆ | ချင်းပြည်နယ် | ၃၁၇ | ၂၆၁ | ၅၆ | |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၇၁၈ | ၁၅၄၉ | ၂၃၂ | |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | ၃၄၆ | ၂၇၁ | ၇၅ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၁၃၈၈ | ၁၂၀၃ | ၁၈၅ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၁၃၉၂ | ၁၂၆၄ | ၁၂၈ | |
| ၁၁ | မန္တလေးတိုင်းဒေသကြီး | ၁၅၀၃ | ၁၃၀၀ | ၂၀၃ | |
| ၁၂ | မွန်ပြည်နယ် | ၅၀၂ | ၄၁၁ | ၉၁ | |
| ၁၃ | ရခိုင်ပြည်နယ် | ၆၄၀ | ၅၄၅ | ၉၅ | |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၇၂၂ | ၆၁၂ | ၁၁၀ | |
| ၁၅ | ရှမ်းပြည်နယ် | ၁၇၃၃ | ၁၃၂၈ | ၄၀၅ | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁၇၄၇ | ၁၅၂၇ | ၂၂၀ | |
| စုစုပေါင်း | | ၁၄၃၁၃ | ၁၁၇၆၆ | ၂၅၄၇ | |

## ❑ အထွေထွေ

❖လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးအတွက် လက်ရှိ အသုံးပြုလျက်ရှိသည့် စိုက်ပျိုးမြေများအပေါ်တွင် စိုက်ပျိုးထားရှိသည့် သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ အထွက်နှုန်းတိုင်းတာခြင်း စသည့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ကိန်းဂဏန်းများကို ကွင်းမြေပုံများ အခြေခံ၍ သီးနှံ(၃၂)မျိုး၏ စိုက်ပျိုးပြီးစီးမှု စာရင်းများကို တစ်လလျှင် နှစ်ကြိမ်၊ သီးနှံ(၆၂)မျိုး၏ စိုက်ပျိုးထုတ်လုပ်မှု စာရင်းများကို သုံးလလျှင် တစ်ကြိမ် ကောက်ယူလျက် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ဗဟိုစာရင်းအင်းအဖွဲ့သို့ ပေးပို့ ဆောင်ရွက်လျက်ရှိပါသည်။

❖၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လုပ်ငန်းများ ကြီးကြပ် ဆောင်ရွက်နိုင်ရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဖွဲ့စည်းရာ တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်းတာဝန် ပေးအပ်လျက် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း (၃၁၃)မြို့နယ်၊ ရပ်ကွက်/ကျေးရွာပေါင်း (၁၃၉၃၇)၊ တောင်သူပေါင်း (၅.၉)သန်းကျော်၏ စိုက်ပျိုးမြေ ဦးပိုင်ပေါင်း(၉)သန်းကျော်အား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇) ထုတ်ပေးခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် စိုက်ပျိုး မြေများနှင့်ပတ်သက်ပြီး ဌာနရှိ မှတ်တမ်းများကို အခြေခံ၍ ဆောင်ရွက်လျက်ရှိပါသည်။

## ❑ အတွေ့တွေ့

❖လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းကို နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင်(၁.၁.၂၀၁၃) ရက်နေ့မှစ၍ စတင် ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏအပေါ် (၂၉.၂.၂၀၁၆) ရက်နေ့ အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | **ဆောင်ရွက်ရမည့်လုပ်ငန်းပမာဏ** | |
| | (၁) ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း | ၁၃,၉၃၇ |
| | (၂) တောင်သူပေါင်း | ၅,၈၈၄,၁၀၈ |
| | (၃) ဦးပိုင်ပေါင်း | ၉,၅၉၀,၈၉၀ |
| (ခ) | **ဆောင်ရွက်ပြီးစီးမှု** | |
| | (၁) ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း | ၁၃,၇၂၀ |
| | (၂) တောင်သူပေါင်း | ၅,၇၉၂,၁၄၅ |
| | (၃) ဦးပိုင်ပေါင်း | ၉,၄၇၃,၈၇၃ |
| | **စုစုပေါင်း ရာခိုင်နှုန်း** | **၉၈.၇၈%** |

## ❑ အထွေထွေ

❖၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းများ ကြီးကြပ် ဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနအောက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်း တာဝန် ပေးအပ်လျက် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများအား စိုက်ပျိုးမြေအဖြစ် ပြောင်းလဲ အသုံးပြု နိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာန၏ စာရင်းများအား အခြေခံ၍ ဆောင်ရွက်လျက်ရှိပါသည်။

❖အာဆီယံနိုင်ငံများ၏ အာဆီယံစားနပ်ရိက္ခာ ဖူလုံရေးဆိုင်ရာ သတင်းအချက်အလက် စနစ် စီမံကိန်းအတွက် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းအချက်အလက်များ ပေးပို့ခြင်းကိုလည်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

# ❑ အထွေထွေ

❖နိုင်ငံတော်၏ GDP တွက်ချက်ရာတွင်လည်း လယ်ယာကဏ္ဍနှင့်ဆိုင်ရာ စိုက်ပျိုးထုတ်လုပ်မှု စာရင်းများအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ပြုစု၍ ဗဟို စာရင်းအင်းအဖွဲ့သို့ ပေးပို့လျက်ရှိပါသည်။

❖ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ထားသည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင်လည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းအချက်အလက်များအား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှပင် တာဝန်ခံ ကောက်ယူလျက်ရှိပါသည်။

❖သို့ဖြစ်ပါ၍ တင်ပြပါအချက်များအရ ခေတ်အဆက်ဆက်တွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အဓိကထားကောက်ယူ မှတ်တမ်းထားရှိပြီး၊ လယ်ယာကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြု ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

# ကျေးဇူးတင်ပါသည်